ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# အုပ်ချုပ်ရေးသတင်းလွှာ

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့

အတွဲ (၁)၊ အမှတ်(၂)

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများသစ္စာပြုထားသည့် အဓိဋ္ဌာန် ၆ ချက်

- ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေပါမည်။
- ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။
- ကျွန်ုပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ပါမည်။
- ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ပါမည်။
- **ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းများပီသစွာဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းအောင် နေထိုင်ပါမည်။**
- ကျွန်ုပ်တို့သည် နိုင်ငံတော်မှ ပေးအပ်သော အမိန့်နှင့် တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သွားပါမည်ဟု သစ္စာအဓိဋ္ဌာန် ပြုပါသည်။

ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည် ရှိနိုင်ကြောင်း၊ ဒီမိုကရေစီရင့်ကျက်သည့်နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံဆောင်ရွက်ကြသည်။

ကြံကောင်းကြံမြတ်၊
ညဏ်ဖြင့်မှတ်၍၊
ဆုံးဖြတ်ရွေးချယ်၊
ကြီးမှူငယ်လျက်၊
ငယ်သည့်အမှု၊
ပအောင်ပြုလေ့။
*မဃဒေဝလင်္ကာသစ်၊ ၃၈၇*





အများအကျိုး၊
ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊
ဆိုကဲ့ရဲ့လည်း၊
မဖွဲ့မစောင်း၊
ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊
ရှေးရှုနှင်လေ့။
ရွှေဟင်္သာဆရာတော်









## တာဝန်ကို ဦးထိပ်ပန်ဆင်ကြသူများ

ဘယ်နေရာကိုရောက်ရောက်
နိုင်ငံ့ဝန်ထမ်းဖြစ်တာကြောင့်
ထိန်းသိမ်းနေထိုင်ရမယ့်
အပြုအမူ၊ အပြောအဆိုတွေ၊
ယဉ်ကျေးမှုတွေကို
အတတ်နိုင်ဆုံး
ထိန်းသိမ်းနေထိုင်ကြရပါတယ်။

ကိုယ့်အပြုအမူ၊ ကိုယ့်လုပ်ရပ်တွေဟာ
ကိုယ့်ဌာနအတွက်
အကျိုးပြုနိုင်စေဖို့နဲ့
ဘယ်သောအခါမှ အကျိုးပျက်စီးဖို့
မဖြစ်စေရဘူးဆိုတဲ့အတွေးဟာ
နိုင်ငံ့ဝန်ထမ်းတိုင်းမှာရှိမယ်လို့
ယုံကြည်ပါတယ်။

ပြည်သူတွေက
နိုင်ငံတော်ရဲ့ မောင်းနှင်အားတွေဆိုရင်
နိုင်ငံ့ဝန်ထမ်းတွေက
မရှိမဖြစ်လိုအပ်တဲ့
အင်ဂျင်တွေပဲဖြစ်တယ်ဆိုတဲ့
ခံယူချက်နဲ့ ဂုဏ်ယူစွာနေထိုင်ခဲ့တာပါ။

ဇွဲ

## မြတ်ဗုဒ္ဓ ဟောကြားခဲ့သည့် လူမိုက်လက္ခဏာ (၄) ပါး

မြတ်ဗုဒ္ဓက လူမိုက်လက္ခဏာလေးပါးကို ဟောကြားတော်မူထားခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့-

- ❖ လူမိုက်တို့သည် နည်းလမ်းအမှားတွေကို လုပ်ဆောင်ပါတယ်၊
- ❖ သူတစ်ပါးကိုလည်း နည်းလမ်းအမှားတွေကို လုပ်ဖို့တွန်းအားပေးပါတယ်၊
- ❖ မှားယွင်းနေတဲ့ နည်းလမ်းတွေကိုလည်း ကာကွယ်ပေးတတ်ပါတယ်၊
- ❖ မှားယွင်းနေတဲ့ နည်းလမ်းတွေအပေါ် ဝေဖန်သုံးသပ်သူတွေကိုလည်း လက်မခံတတ်ဘူးဆိုပြီး ဟောကြားခဲ့ပါသည်။

*Our Lord Buddha preached four characteristics of the unwise: the unwise carries out things by itself in an erroneous way and also encourages others to follow that way. Always defends that way from, and never accept those who review and comment on that erroneous way.*

## နိုင်ငံတကာတွင် ဝင်ဆံ့စေရေး ဆောင်ရွက်ချက်

နိုင်ငံတော်အတွင်း လူ့အခွင့်အရေးကာကွယ်ရေးနှင့် တိုးမြှင့်ရေး၊ အဓမ္မခိုင်းစေမှု ပပျောက်ရေးကိစ္စများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အုပ်ချုပ်ရေးကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။